ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# အရှေ့တောင်အာရှတွင် လွှတ်တော်အမတ်များ၏အခြေအနေ ပိုမိုဆိုးရွားလာနေခြင်းကို အစီရင်ခံစာသစ်ကရှုတ်ချ

ဂျကာတာ - အရှေ့တောင်အာရှအတွင်းရှိ လွှတ်တော်အမတ်များသည် ၎င်းတို့၏ တာဝန်များကိုထမ်းဆောင်ခြင်း သို့မဟုတ် ၎င်းတို့၏နိုင်ငံရေးအမြင်များကို ထုတ်ဖော်ပြောကြားခြင်း ပြုလုပ်ရုံမျှဖြင့် ရန်ပြုတုန့်ပြန်ခံရနိုင်သည့် အန္တရာယ်နှင့် ဆက်လက်ရင်ဆိုင်နေရကြောင်း ASEAN Parliamentarians for Human Rights (APHR) ကနောက်ဆုံးထုတ်ပြန်ခဲ့သည့် အန္တရာယ်အခြေအနေအတွင်းမှလွှတ်တော်အမတ်များ နှစ်ပတ်လည်အစီရင်ခံစာပါ တွေ့ရှိချက်များက ဖော်ပြနေသည်။

“ဒေသတွင်းက လွှတ်တော်အမတ်တွေဟာ ရုပ်ပိုင်းဆိုင်ရာသာမက အခြားနည်းလမ်းတွေနဲ့ပါ အန္တရာယ်ကြုံတွေ့နိုင်ခြေ ပိုများလာနေတယ်။ ဒါဟာ လုံးဝလက်ခံနိုင်စရာမရှိတဲ့ ကိစ္စဖြစ်ပြီး အကြီးမားဆုံး စိုးရိမ်ဖွယ်ရာ ကိစ္စတစ်ခုဖြစ်တယ်။ လွှတ်တော်အမတ်တွေဟာ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်ပြီး သူတို့ရဲ့ လုံခြုံရေးနဲ့ လွတ်လပ်ခွင့် ဘယ်လောက်ရှိလဲ ဆိုတဲ့အချက်ဟာ သူတို့တာဝန်ထမ်းဆောင်နေတဲ့ စနစ်အတွင်းမှာ ဒီမိုကရေစီဘယ်လောက် ခိုင်မာမှုရှိလဲဆိုတာကို ထင်ဟပ်ပြနေတယ်။ လွှတ်တော်အမတ်တွေကို လုံလောက်တဲ့ အကာအကွယ်ပေးဖို့နဲ့ သူတို့အပေါ် မတရားရမ်းကား နှိပ်ကွပ်နေတဲ့ အစိုးရတွေကို ဝိုင်းဝန်းဖိအားပေးဖို့ အာဆီယံနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို ကျွန်မတို့တောင်းဆိုပါတယ်” ဟု အင်ဒိုနီးရှားနိုင်ငံ လွှတ်တော်အမတ် APHR ဥက္ကဋ္ဌ မာစီဘရန်း ကပြောသည်။

၂၀၂၂ ခုနှစ်အတွင်းတွင် အန္တရာယ်အခြေအနေအတွင်းမှ ဒေသတွင်းလွှတ်တော်အမတ်များ အထူးသဖြင့် မြန်မာနိုင်ငံ လွှတ်တော်အမတ်များသည် ပိုမိုဆိုးရွားသော ဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရပြီး ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု ဖြစ်ပြီးနောက် ၎င်းတို့အပေါ် အန္တရာယ်ကျရောက်မှု တိုးများလာခဲ့သည်။ မြန်မာနိုင်ငံ လွှတ်တော်အမတ် ဦးကျော်မျိုးဝင်းသည် ချုပ်နှောင်ခံထားရစဉ် သေဆုံးသည့်အထိ ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ရပြီး အမတ်ဟောင်း ဦးဖြိုးဇေယျာသော် သည်လည်း အခြားနိုင်ငံရေးအကျဉ်းသား သုံးဦးနှင့်အတူ ကွပ်မျက်ခြင်းခံခဲ့ရသည်။ အရှေ့တောင်အာရှတွင် ဖမ်းဆီးထိန်းသိမ်း ခံထားသော လွှတ်တော်အမတ်အရေအတွက် မြင့်မားနေဆဲဖြစ်ပြီး မြန်မာနိုင်ငံတွင် (၈၄) ဦးအထိရှိပြီး ဖိလစ်ပိုင် အမတ်ဟောင်း Leila de Lima အပါအဝင် စုစုပေါင်း (၈၅) ဦးရှိသည်။

“ထိုင်းနိုင်ငံလို အိမ်နီးချင်းနိုင်ငံတွေမှာ ခိုလှုံနေရတဲ့ မြန်မာလွှတ်တော်အမတ်တွေဟာ စွန့်စားမှုကြီးမားတဲ့ အခြေအနေ အတွင်း ကျရောက်နေဆဲဖြစ်တယ်။ ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက် မြို့တွေမှာ နေထိုင်နေကြတဲ့ ဒါဇင်နဲ့ချီတဲ့ မြန်မာလွှတ်တော်အမတ်တွေဟာ တရားဝင်အထောက်အထားမရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားများတွေလို ရဲတွေရဲ့ ထိပါးနှောက်ယှက်မှု အမြဲခံနေရပါတယ်။ သူတို့ဟာ ဖမ်းဆီးထိန်းသိမ်းခြင်း ဒါမှမဟုတ် ဒီထက်ပိုဆိုးတာက မြန်မာပြည်ကို ပြန်ပို့ဆောင်ခြင်း ခံရနိုင်ပြီး ဒါတွေကို အမြဲကြောက်လန့်နေရပါတယ်။ သူတို့ဟာ မြန်မာပြည်ကို ပြန်ပို့ခံရရင် စစ်အုပ်စုရဲ့ ဖမ်းဆီးခြင်းခံရပြီး သူတို့လက်ဝယ်မှာ ညှင်းပန်းနှိပ်စက်ခြင်း ခံရနိုင်ခြေများသလို ဒီထက်ပိုမိုဆိုးရွားတဲ့ အခြေနေတွေနဲ့လည်း ကြုံတွေ့ရနိုင်ပါတယ်” ဟုမလေးရှားအမတ်ဟောင်း APHR ပူးတွဲဥက္ကဋ္ဌ ချားလ်စန်တီယေဂို ကဆိုသည်။

မြန်မာနိုင်ငံပြင်ပ အထူးသဖြင့် ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများတွင် အမတ်များ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခံရသည့် ဖြစ်စဉ် ရှားပါးသော်လည်း အစိုးရများသည် အတိုက်အခံ လွှတ်တော်အမတ်များကို နိုင်ငံရေးအရ တရားစွဲဆိုမှုများ မကြာခဏပြုလုပ်လေ့ရှိသည်။ လွှတ်တော်အမတ်များသည် ထိုသို့ တရားရေးနည်းလမ်းဖြင့် တုန့်ပြန် တိုက်ခိုက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ခံရရုံသာမက အွန်လိုင်းမှ ထိပါးနှောက်ယှက်ခြင်း သတင်းမှားများဖြန့်ဝေ၍ တိုက်ခိုက်ခြင်း၊ အမုန်းစကားများဖြင့် တိုက်ခိုက်ခြင်း စသည်တို့လည်း ကြုံတွေ့ရသည်။

ကမ္ဘောဒီယားဝန်ကြီးချုပ်ဟွန်ဆန်သည် အုပ်စုလိုက် တရားစွဲဆိုမှုများ ပြုလုပ်ခဲ့ကာ အမှုစစ်ဆေးကြားနာစဉ် တက်ရောက် ခဲ့ခြင်းမရှိသည့် အမတ်များအပါအဝင် Cambodia National Rescue Party (CNRP) အဖွဲ့ဝင်များနှင့် ထောက်ခံသူများ (၁၀၀) ကျော်ကို အပြစ်ပေးအရေးမှု ပြုလုပ်ယူခဲ့သည်။ အတိုက်အခံပါတီများ၏ အဖွဲ့ဝင်များနှင့် ထောက်ခံသူများ၊ လူ့အခွင့် အရေး ကာကွယ်သူများ၊ မြေယာအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး တက်ကြွလှုပ်ရှားသူများနှင့် သတင်း ထောက်များအပေါ် အစိုးရ၏ နိုင်ငံရေးအရနှိပ်ကွပ်မှုများနှင့် ခြိမ်းခြောက်မှုများသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပမည့် ရွေးကောက်ပွဲကာလအထိ ဆက်လက်တိုးများလာမည်ဟု ခန့်မှန်းရသည်။

"ဟွန်ဆန်နဲ့ သူ့ပါတီဟာ လွန်ခဲ့တဲ့ နှစ်တွေအတွင်းမှာ တစ်ပါတီအာဏာရှင်စနစ်ကို တဖြေးဖြေး တည်ဆောက်လာနေပါ တယ်။ ဖြစ်စဉ်ဟာ အလွန်နှေးတာကြောင့် သတိထားမိတဲ့သူတွေနည်းပေမယ့် ဒီလိုတည်ဆောက်နေကြောင်း ဖော်ပြနေတဲ့ လက္ခဏာတွေ ရှိနေတယ်ဆိုတာတော့ သံသယဖြစ်စရာ မလိုလောက်အောင် ရှင်းရှင်းလင်းလင်း တွေ့နိုင် ပါတယ်။ ကမ္ဘောဒီးယားဟာ အကြွင်းမဲ့အာဏာရှင်နိုင်ငံ တစ်ခုနီးပါး ဖြစ်လာနေပါတယ်။ ဟွန်ဆန်အစိုးရက လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေတာတွေနဲ့ ပတ်သက်ပြီး တာဝန်ခံမှုရှိအောင် နိုင်ငံတကာအသိုင်းအဝိုင်းက မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အတိုက်အခံပါတီတွေနဲ့ သူတို့ရဲ့ အမတ်လောင်းတွေ ၂၀၂၃ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ အင်အားမျှပြီး လွတ်လပ်မှုနဲ့ မျှတမှုရှိတဲ့ အခင်းအကျင်းဖြစ်စေဖို့ အချိန်မနှောက်ကျသေးခင် အခိုင်အမာ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်" ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟောင်း APHR ဘုတ်အဖွဲ့ဝင် ကာဆစ်ဖီရှမ်ယာ ကပြောသည်။

တစ်ချိန်ထဲတွင် မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အမတ်များကိုပစ်မှတ်ထား၍ အွန်လိုင်းသတင်းမှားများနှင့် အမုန်းစကား ဖြန့်ဝေမှုများ ပြုလုပ်ကာ တိုက်ခိုက်မှုများ ကျယ်ပြန့်စွာ ဆက်လက်ဖြစ်ပေါ်နေသည်။ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင် အတိုက်အခံအမတ်များသည် အလွန်ယေဘုယျဆန်သော ဥပဒေများကိုအသုံးပြု၍ တရားရေးအရ ထိပါးနှောက်ယှက်မှုများ မကြာခဏကြုံတွေ့နေပြီး မလေးရှားနိုင်ငံတွင်လည်း နိုင်ငံတော်အကြည်ညိုပျက်စေမှုဥပဒေနှင့် ဆက်သွယ်ရေးနှင့်ရုပ်သံ ဆိုင်ရာအက်ဥပဒေကဲ့သို့ ပြင်းထန်သောဥပဒေများသည်လည်း အစိုးရအားဝေဖန်သူများအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

"ဥပဒေကို လက်နက်သဖွယ်အသုံးပြုပြီး နိုင်ငံရေးသမားတွေကို တိုက်ခိုက်နေခြင်းဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်တစ်ခု ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ သွေဖည်တဲ့ လုပ်ရပ်တွေသာဖြစ်တယ်။ အရှေ့တောင်အာရှအတွင်းက နိုင်ငံအချို့မှာ ဥပဒေနဲ့ တရားရုံးတွေဟာ တကယ်တမ်းမှာ ချိုးဖောက်မှုတွေကို ကာကွယ်ပေးတဲ့ ဒါမှမဟုတ် တားဆီးပေးတဲ့ ယန္တရားတွေမဟုတ် ကြတော့ပဲ အာဏာရှင်တွေရဲ့ လက်ကိုင်တုတ်သဖွယ် အသုံးချတာခံနေရပါတယ်။ အာဏာအလွဲသုံးစားလုပ်တဲ့ အစိုးရ တွေကို တာဝန်ခံမှုရှိအောင်ဆောင်ရွက်ဖို့နဲ့ သူတို့ဟာ ဥပဒေအထက်မှာ ရှိမနေဘူးဆိုတာကို နားလည်အောင်ဆောင်ရွက်ဖို့ မဖြစ်မနေလိုအပ်ပါတယ်" ဟု ကမ္ဘောဒီးယားအမတ်ဟောင်း APHR ဘုတ်အဖွဲ့ဝင် မူဆိုချွာ ကဆိုသည်။